ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မိုးညိုမြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

**National Community Driven Development Project**




**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်**
**Village Development Plan (VDP)**
**ရောက်ချောင်းကျေးရွာ၊ ရွာသာယာအုပ်စု**

ဇန်နဝါရီလ၊ ၂၀၁၇

# မာတိကာ


၁။ မိုးညှင်းမြို့နယ်ပြမြေပုံ

၂။ ဇောမိကုန်းကျေးရွာအုပ်စုမြေပုံ

၃။ ကျောက်ဝကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံ အချက်အလက်များ

၅။ လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

၈။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် (ပုံစံ ၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ ၂)

၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ ၃)

၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ ၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများ

၁၅။ ကျေးရွာမှ နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၆။ ကျေးရွာမှ အဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု သင်တန်းများ

၁၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေး ထိန်းချုပ်မှု (Checklist for VDP)


N
S
မိုးညိုမြို့နယ်မြေပုံ
ရွှေတောင်မြို့နယ်
နတ်တလင်းမြို့နယ်
ကြို့ပင်ကောက်မြို့နယ်
ဧရာဝတီတိုင်း
အုတ်ဖိုမြို့နယ်
မင်းလှမြို့နယ်
လက်ပံတန်းမြို့နယ်
မိုးညိုမြို့
ရည်ညွှန်းချက်
မြို့နယ်ရုံးစိုက်ရာမြို့
ကျေးရွာအုပ်စု
ကျေးရွာခွဲများ
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကတ္တရာ/ ဂဝံ/ မြေသားလမ်း
ရဲစခန်း
မြို့နယ်/ တိုက်နယ်ဆေးရုံ
မြစ်/ ချောင်း

## ကျေးရွာအုပ်စုအညွှန်းပြမြေပုံ


## ရွာသာယာ

မိုးညိုမြို့နယ်

သာယာဝတီခရိုင်

ပဲခူးတိုင်းဒေသကြီး

စကေး ၃ လက်မ = ၁ မိုင်




### ညွှန်ပြချက်

| | |
|---|---|
| ကျေးရွာအုပ်စုနယ်နိမိတ် | ဘုန်းကြီးကျောင်း |
| ဂဝံလမ်း | ဘောလုံးကွင်း |
| မြေသားလမ်း | မြို့နယ်ဆေးရုံ |
| နွေရာသီလမ်း | တိုက်နယ်ဆေးရုံ |
| မြစ်ချောင်း | ကျေးလက်ကျန်းမာရေးဌာန |
| မြေရိုင်း | ကျေးလက်ကျန်းမာရေးဌာနခွဲ |
| စိုက်ပျိုးမြေ | ရဲစခန်း |
| စားကျက်မြေ | ရဲကင်း |
| စာသင်ကျောင်း | ကျေးရွာလူနေအိမ်ခြေများ |

## ၃။ ရွာသာယာကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း

၁။ ရွာသာယာကျေးရွာ
၂။ အင်းဘွားကြီးကျေးရွာ
၃။ ရွှေပြေးကျေးရွာ
၄။ ရောက်ချောင်းကျေးရွာ

## ၄။ ရောက်ချောင်းကျေးရွာ၏ အခြေခံအချက်အလက်များ

ရောက်ချောင်းကျေးရွာသည် လွတ်လပ်ရေးမရမီအချိန် ဂျပန်ခေတ်က ဦးဖိုးချစ်၊ဦးညို၊ ဦးရွှေငယ်၊ ဦးမောင်မြနှင့်ဦးငဆယ် ဆိုသူလူ (၅)ဦးတို့သည် ရေကြည်ရာမျက်နုရာရှာဖွေရင်း ယခုရွာတည်ရာနေရာ ချောင်းနဘေးတွင် လယ်ယာများကိုလုပ်ကိုင်ရင်း အိမ်များတည်ဆောက်၍ စတင်နေထိုင်ခဲ့ကြသည်။ ထိုသို့ဖြင့် လူများတစ်စထက်တစ်စ ထပ်မံရောက်ရှိလာပြီး ရွာငယ်တစ်ရွာအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ထိုလူများ ချောင်းနဘေးသို့ ရောက်ရှိလာသည်ကိုအစွဲပြု၍ ''ရောက်ချောင်းရွာ'' ဟုအမည်ခေါ်တွင်ခဲ့ပါသည်။

မိုးညိုမြို့၏အရှေ့မြောက်ဖက် (၂၅)မိုင်ခန့် နှင့် ကြို့ပင်ကောက်မြို့၏ အနောက်ဖက် (၁၆) မိုင်ခန့် အကွာတွင် တည်ရှိပြီး ကြို့ပင်ကောက်မြို့နယ်နှင့် ပိုမိုနီးစပ်မှုရှိပါသည်။ကျေးရွာအတွင်းလမ်း(၃)လမ်းရှိပြီးတောင်နှင့်မြောက်အလျားလိုက်တည်ရှိပါသည်။ အရှေ့ဖက်လမ်း(၂)လမ်းမှာ ကြို့ပင်ကောက်မြို့နယ်အပိုင်ဖြစ်ပြီးရွာ၏အနောက်ဖက်ဆုံးအတန်းသည် မိုးညိုမြို့နယ်ပိုင် ဖြစ်ပါသည်။ ကျေးရွာအတွင်း စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း ဆေးပေးခန်း စသည့်အခြေခံအဆောက်အဦများ ဘာတစ်ခုမျှမရှိပဲ ကြို့ပင်ကောက်ပိုင် ရောက်ချောင်းရွာကိုသာ မှီခိုနေထိုင်ကြရသည်။ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး၊ပညာရေး၊ကျန်းမာရေး အစစအရာရာ ကြို့ပင်ကောက်အပိုင် ရောက်ချောင်းကျေးရွာနှင့် ကွာခြားလှပြီးနောက်ကျကျန်နေသည်ကို ကျေးရွာသို့ရောက်ယုံဖြင့် သိသာလှပါသည်။

လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး နွေရာသီတွင် မြေသားလမ်းများ မှာ သွားလာနိုင်သော်လည်း၊ မိုးရာသီတွင် ရွှံ့နွံများထူထပ်ပြီး ရေလွှမ်းမိုးမှုများ နှစ်စဉ်ကြုံတွေ့ရသဖြင့် ရေလမ်းခရီးဖြင့်သာ သွားလာနိုင်ပါသည်။ အုပ်ချုပ်မှုအနေအထားအရ မိုးညိုမြို့နယ်အပိုင်ဖြစ်သော်လည်း ကြို့ပင်ကောက်မြို့နယ်နှင့်ပိုမိုနီးစပ်မှု ရှိသောကြောင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ကြို့ပင်ကောက်မြို့ကိုသာ မှီခိုအားထားကြရသည်။အထူးသဖြင့် မိုးရာသီတွင်ရောက်ချောင်းရွာသို့ သွားလာရန် အလွန်ခက်ခဲလှသည်။ မိုးညိုမှသွားမည်ဆိုပါက မိုးညို–မင်းလှ–ကြို့ပင်ကောက်မြို့များမှတဆင့်(၆၀)မိုင်ခန့်ဆိုင်ကယ်ဖြင့်သွားရပါသည်။

ထို့ကြောင့် ရောက်ချောင်းကျေးရွာ၏ အဓိကလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် ဖြစ်သော်လည်း ယင်းကျေးရွာလူထု၏ အဓိကလိုအပ်သောလမ်းများမှာ ကြို့ပင်ကောက်မြို့နယ်နှင့်ဆက်သွယ်သောလမ်းများဖြစ်နေသောကြောင့် ဤ လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖေါ်ဆောင်ရွက်နေသည့် မိုးညိုမြို့နယ်အတွင်းမပါဝင်သောကြောင့် အခက်အခဲများကြုံတွေ့နေရကာ ပထမအကြိမ်အစည်းအဝေး ကျင်းပစဉ်က ရွာတွင်းလမ်းနှင့် ရွာသာယာလမ်းကိုသာ တင်ပြတောင်းဆိုခဲ့ကြသည်။

ရောက်ချောင်းကျေးရွာတွင် အိမ်ခြေပေါင်း (၁၀၂)အိမ်၊ အိမ်ထောင်စုပေါင်း(၁၁၀)စု ရှိပြီး လူဦးရေအနေဖြင့် ကျား (၁၉၀)ဦး၊ မ (၁၈၃)ဦး၊ စုစုပေါင်း (၃၇၃)ဦး နေထိုင်လျှက်ရှိသည်။ ကျေးရွာ၏အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းသာဖြစ်ပါသည်။

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူပေါင်း | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာအရင်းမြစ်ပြမြေပုံ (Social Map & Resource Map) | ၉.၂.၁၇ | စေတနာ့ဝန်ထမ်း ရာအိမ်မှူး ရပ်မိရပ်ဖ | ၄၈ | ၁၇ | ၆၅ | ကျေးရွာတွင်ထင်ရှားသောအမှတ်အသားများ၊ အဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ပိုင်ဆိုင်သောအရင်းအမြစ်များ သိစေရန်။ |
| ၂ | ဥစ္စာနေကြွယ်မှုအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ။ | စီ/ထောက်ကော်မတီ ကျေးရွာလူထု | ၄၈ | ၁၇ | ၆၅ | ကျေးရွာအတွင်းရှိလူမှုစီးပွားရေးအခြေအနေအလိုက် အဆင့်သတ်မှတ်ချက်၊ စီမံကိန်းမှ ၄င်းတို့အားအကျိုးသက်ရောက်မှုရှိ/မရှိသိသာစေရန်။ |
| ၃ | ရာသီခွင့်ပြပြက္ခဒိန် (Seasonal Calendar) | ။ | ။ | ၄၈ | ၁၇ | ၆၅ | ကျေးရွာ၏ (၁)နှစ်ပတ်လုံးကွဲပြားသောအချိန်၊ ပြက္ခဒိန်ကိုအသုံးပြုပြီး စီမံကိန်း အကောင်အထည်ဖော်ရန် လများအလိုက် အဓိကဆောင်ရွက်သည့်အခြေအနေ (ဥပမာ- ငွေရေးကြေးရေး၊အစားအစာ၊ကျန်းမာရေး ) |
| ၄ | အဖွဲ့အစည်းများ ချိတ်ဆက်ပုံ (Venn Diagram) | ။ | ။ | ၄၈ | ၁၇ | ၆၅ | ကျေးရွာအတွင်းတက်ကြွစွာလှုပ်ရှားနေသောအဖွဲ့အစည်းများ၊ အာဏာရှိသောအဖွဲ့အစည်းတို့၏ ချိတ်ဆက်အရေးပါပုံ။ |
| ၅ | ပင့်ကူအိမ်ပုံဖြင့် ကျား/မ ကဏ္ဍဆန်းစစ်ချက် (Spider Web) | ။ | စေတနာ့ဝန်ထမ်း အမျိုးသား/သမီးများ | ၄၈ | ၁၇ | ၆၅ | အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူအခွင့်အရေးရရှိစေနိုင်သည့် အကြောင်းအရင်းဖေါ်ထုတ်ခြင်း ကျား/မ ကဏ္ဍဆန်းစစ်ခြင်း။ |
| ၆ | အမျိုးသားများ လက်တလောကြုံတွေ့နေရသည့် အခက်ခဲများ (Men needs) | ။ | စေတနာ့ဝန်ထမ်း အမျိုးသားများ | ၄၈ | - | ၄၈ | ကျေးရွာဖွံ့ဖြိုးစေရန်အတွက် ရင်ဆိုင်နေရသော အတားအဆီးပြဿနာများနှင့် လိုအပ်ချက်များ။ |
| ၇ | အမျိုးသမီးများ လက်တလောကြုံတွေ့နေရသည့် အခက်အခဲများ (Women Needs) | ။ | စေတနာ့ဝန်ထမ်း အမျိုးသမီးများ | - | ၁၇ | ၁၇ | ကျေးရွာဖွံ့ဖြိုးစေရန်အတွက် ရင်ဆိုင်နေရသော အတားအဆီးပြဿနာများနှင့် လိုအပ်ချက်များ။ |

# လူမှုရေးအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ခြင်း



### အိမ်ထောင်စုများအခြေအနေ

ရောက်ချောင်းကျေးရွာသည် မိုးညှိုမြို့နယ်၊ ရွာသာယာအုပ်စု အတွင်းရှိ ကျေးရွာတစ်ရွာ ဖြစ်ပြီး စုစုပေါင်းအိမ်ခြေ (၁၀၂) အိမ်၊ အိမ်ထောင်စုပေါင်း (၁၁၀)စုရှိပြီး လူဦးရေအနေဖြင့် ကျား(၁၉၀)ဦး၊ မ(၁၈၃)ဦး၊ပေါင်း (၃၇၃) ဦးနေထိုင်လျက်ရှိပါသည်။

### လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ရောက်ချောင်းကျေးရွာသည် မိုးညှိုမြို့နယ်၊ ရွာသာယာအုပ်စု တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်သဖြင့် နွေရာသီတွင်သာ သွားလာနိုင်ပြီး မိုးရာသီတွင် ဆိုင်ကယ်/ကားသွားလာနိုင်ခြင်း မရှိပဲ ခြေလျှင် ခရီးသာ သွားလာနိုင်ပါသည်။ မိုးညှိုမှ သွားမည်ဆိုလျှင် မင်းလှ၊ကြို့ပင်ကောက်မြို့များမှပတ်၍သွားလာရသည်။ ပထဝီအနေအထား အရ မြေနိမ့်ပိုင်း အင်းအိုင်ချောင်းမြောင်းများပေါ်များပြီး ဖွံ့ဖြိုးမှု အလွန်နောက်ကျသည့်ကျေးရွာဖြစ်ပါသည်။ မိုးညှိုမြို့ နှင့် (၂၅)မိုင်ခန့်၊ကြို့ပင်ကောက်မြို့နှင့် (၁၆ )မိုင်ခန့် ကွာဝေးသဖြင့် စီးပွားရေး၊လူမှုရေး၊ကျန်းမာရေး၊ပညာရေးကိစ္စများကို အနီးစပ်ဆုံးကြို့ပင်ကောက်မြို့သို့သာ သွားရောက်ကြရသည်။

### ကျန်းမာရေးအခြေအနေ

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပဲ သားမာန်ဆေးကုသမှုများ ခံယူရန်ပင်အခက်အခဲများကြုံတွေ့လျှက်ရှိပြီး အရေးပေါ်အခြေအနေများကြုံတွေ့လာပါက ကြို့ပင်ကောက်မြို့သို့သာသွားကြရသည်။အထူးသဖြင့်မိုးရာသီအချိန်တွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် အသက်ဆုံးရှုံးမှုများကြုံတွေ့ရပါသည်။

### သောက်သုံးရေအခြေအနေ

ကျေးရွာအတွင်း ရေတွင်း( ၁ )တွင်းနှင့်ရေတုံကင် (၄၀)တွင်းရှိပြီး အများစုမှာ နွေရာသီတွင်သောက်သုံးရေရရှိရန် အခက်အခဲများကြုံတွေ့ရပါသည်။ ရေတွင်းများမှာလည်း အသုံးပြုနိုင်ခြင်းမရှိတော့ခြင်းကြောင့် ရေတုံကင်များကိုသာအားကိုးအသုံးပြုရပါသည်။ ရေအရည်အသွေးမှာလည်းကောင်းမွန်ခြင်းမရှိသော ရေပါများသာတွေ့ရပါသည်။

### ပတ်ဝန်းကျင်အရင်းအမြစ်


ရောက်ချောင်းကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပြီး ရွာ၏ပတ်ဝန်းကျင်တွင် အင်းအိုင်ချောင်းမြောင်းများကို အများအပြားတွေ့ရပါသည်။

### အခြား

ကျေးရွာတွင် အခြားရွာများကဲ့သို့ စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း၊ စသည့်အစိုးရအဆောက်အဦးများ မရှိပါ။ ဘုန်းတော်ကြီးကျောင်းပင်လျှင် ကြို့ပင်ကောက်မြို့နယ်ပိုင် ရောက်ချောင်းရွာ နှင့် ပူးပေါင်း၍ကိုးကွယ်နေရပါသည်။ကြို့ပင်ကောက်ပိုင်ရောက်ချောင်းရွာနှင့် မိုးညှိုမြို့နယ်ပိုင်ရောက်ချောင်းရွာမှာ တဆက်တည်း တည်ရှိသော်လည်း စီးပွားရေးအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ လွန်စွာကွာခြားလှပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင်ကြို့ပင်ကောက်မြို့နယ်ပိုင် ရောက်ချောင်းရွာကြီးတည်ရှိပြီး တောင်ဘက်တွင် ရွာသာယာရွာသို့ ဆက်သွယ်ထားသည့် လမ်းနှင့် မြောက်ဘက်တွင်ကြို့ပင်ကောက်မြို့နယ်ဖြင့်ဆက်စပ်လျှက်ရှိပါသည်။

# အဖွဲ့အစည်းများချိတ်ဆက်ပုံနှင့်သုံးသပ်ချက်

ရောက်ချောင်းကျေးရွာ နေ့စွဲ - ၉.၂.၂၀၁၇




အဖွဲ့အစည်းချိတ်ဆက်ပုံ သုံးသပ်ချက်

ရောက်ချောင်းကျေးရွာတွင် အဓိကအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်၍ ရပ်ရေးရွာရေးကိုဆောင်ရွက်နေပြီး ယင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ သမဝါယမအသင်း၊ပရဟိတအဖွဲ့၊အမျိုးသမီးအဖွဲ့၊ဘဏ်ကော်မတီစသည့် အသင်းအဖွဲ့များဖွဲ့စည်းကာ ရပ်ရွာကိစ္စများကို ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

မြို့နယ်ရှိဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျှက်ရှိရာ မြို့နယ်သမဝါယမ ဦးစီးဌာန၊စိုက်ပျိုးရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊တို့ဖြင့် အဓိကဆက်သွယ်ဆောင်ရွက်လျှက်ရှိပါသည်။ မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှလည်း မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများကို မကြာခဏကွင်းဆင်းဆောင်ရွက်ပေးလေ့ရှိပါသည်။

# ပင့်ကူအိမ်နှင့်သုံးသပ်ချက်



ပင့်ကူအိမ် သုံးသပ်ချက်

ရောက်ချောင်းကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများ၏ လူနေမှုပုံစံကိုသိရှိနိုင်ရန် ပင့်ကူအိမ်သုံးသပ်ချက်ဖြင့်သုံးသပ် လေ့လာကြည့်ရာတွင် အိမ်ထောင်မှုပစ္စည်းများပိုင်ဆိုင်မှု၊ လူမှုရေးတွင်ပါဝင်နိုင်မှု၊ ဝင်ငွေရှာဖွေနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ခရီးသွားလာနိုင်မှု နှင့် ရပ်ရေးရွာရေးနှင့် အိမ်ထောင်တာဝန်များတွင် ဦးဆောင်နိုင်မှုများတွင် အမျိုးသားများကသာ ဦးဆောင်၍ဆောင်ရွက်ကြပြီး ယင်းအပိုင်းများတွင်အမျိုးသမီးများအနေဖြင့် အမျိုးသားများကဲ့သို့ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကျေးရွာရှိအမျိုးသမီးများသည် အိမ်ထောင်မှုအပေါ်အပြည့်အဝဂရုစိုက်လေ့ရှိကြပြီး အမျိုးသားများသည် အမျိုးသမီးများလောက် အိမ်ထောင်မှုကိုဂရုမစိုက်နိုင်ကြပဲ စီးပွားရေးလုပ်ငန်းများကိုသာ ဦးဆောင်ပြီးဆောင်ရွက်လေ့ရှိကြသည်။ ထိုအချက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှု နှင့် စီးပွားရေးလုပ်ငန်းများ၊ရပ်ရေးရွာရေးများလုပ်ငန်းများ ဦးဆောင်မှုပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ထူးခြားမှုအနေဖြင့် ယင်းကျေးရွာရှိ အမျိုးသမီးများသည် ပညာရေးလက်လှမ်းမှီမှုပိုင်းတွင် အမျိုးသားသားများထက်သာလွန်ကြောင်း သုံးသပ်တွေ့ရှိပါသည်။

# အရင်းအမြစ်များပိုင်ဆိုင်မှုပိုင်ဆိုင်မှု ခွဲခြမ်းစိတ်ဖြာခြင်း

**အရင်းအမြစ်ပိုင်ဆိုင်မှု အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်း**

ရောက်ချောင်းကျေးရွာ — ရက်စွဲ - ၉.၂.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား + အမျိုးသမီး | |
|---|---|---|---|
| နွား | အပ်ချုပ်စက် | လယ်ကွင်း | ဆိုင်ကယ် |
| လှည်း | မီးဖိုချောင်သုံးပစ္စည်း | စက်ဘီး | တီဗွီ |
| ရေစုတ်စက် | | စာသင်ကျောင်း | အိမ် |
| ငွန်ခေါင်း | | ရေတွင်း | |

## အရင်းအမြစ်များပိုင်ဆိုင်မှုအသုံးချမှုတို့ကို သုံးသပ်ချက်

ရောက်ချောင်းကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ အရင်းအမြစ်များကိုပိုင်ဆိုင်မှု ပိုင်ဆိုင်မှု အသုံးချမှုတို့ကိုလေ့လာကြည့်ရာတွင် ကျေးရွာရှိလူ့အရင်းအမြစ်များဖြစ်သည့် လယ်၊စက်ရေတွင်း ၊စက်ဘီး၊ ဆိုင်ကယ်၊တီဗွီ၊ စာသင်ကျောင်းစသည့်တို့ကို အားလုံးတန်းတူပိုင်ဆိုင် အသုံးပြုကြကြောင်း သိရပါသည်။

အမျိုးသားများသာအသုံးပြုသည့် အရင်းအမြစ်များမှာ လယ်၊ နွား၊ လှည်း၊ ရေစုတ်စက်၊ ငွန်ခေါင်းများ ဖြစ်ပြီး အမျိုးသမီးများအသုံးချမှု လွန်စွာနည်းပါးသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသာ ပိုင်ဆိုင်ပြီး အသုံးချနိုင်သည့်အရင်းအမြစ်မှာ အပ်ချုပ်စက်နှင့်မီးဖိုချောင်သုံးပစ္စည်းမျှသာ ရှိကြောင်းသိရပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်ဖြင့် သုံးသပ်ခြင်း



## သုံးသပ်ချက်

ရောက်ချောင်းကျေးရွာတွင် တစ်နှစ်တာကာလပါတ်လုံး အနေဖြင့် ရာသီဥတု၊စိုက်ပျိုးရေး၊မွေးမြူရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊ပွဲတော်များကျင်းပမှု၊ဝင်ငွေ/ထွက်ငွေ စသည့်အခြေအနေများကိုသိရှိနိုင်ရန်အတွက် ရာသီခွင်ပြ ပြက္ခဒိန်ဖြင့် သုံးသပ်ကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

ရာသီဥတုအနေဖြင့် တပေါင်းလ၊တန်ခူးလ၊ ကဆုန်လများတွင် ပူပြင်းခြောက်သွေ့ပြီး နယုန်လတွင် မိုးစတင်ရွာလေ့ရှိပါသည်။ ဝါဆို၊ ဝါခေါင်၊တော်သလင်း လများသည် မိုးများသည့်လများဖြစ်ပြီး သီတင်းကျွတ်လမှ စ၍ မိုးနဲပါးပြီး တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများသည် ဆောင်းရာသီဖြစ်သည်။

စိုက်ပျိုးရေးအနေဖြင့် တန်ခူးလ၊ကဆုန်လများတွင် မိုးကြိုနှမ်းများစတင်စိုက်ပျိုးလေ့ရှိပြီး နယုန်။ဝါဆို လများတွင် စပါးကိုစတင်စိုက်ပျိုးကြပါသည်။ ဆောင်းသီးနှံအနေဖြင့် မတ်ပဲကို တော်သလင်း။သီတင်းကျွတ်လများ တွင် စိုက်ပျိုးကြပါသည်။ သီးနှံထွက်ရှိမှုအနေဖြင့် နယုန်လနှင့်ဝါဆိုလများတွင် မိုးကြိုနှမ်းထွက်ပြီးသီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးထွက်ပါသည်။ မတ်ပဲကို တပို့တွဲလ၊တပေါင်းလများတွင် ရိတ်သိမ်းလေ့ရှိပါသည်။

မွေးမြူရေးအနေဖြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိပဲ တစ်ပိုင်တစ်နိုင်သာ ကြက်၊ ဝက်၊ဘဲ၊နွား၊ ဆိတ်နှင့် ငါးမွေးမြူခြင်းတို့ကို လုပ်ကိုင်ကြပါသည်။

ကျန်းမာရေးအနေဖြင့် မိုးရာသီတွင် ကလေးများ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်တတ်သည်မှ လွဲ၍ ဆိုးဝါးသောကူးစက်ရောဂါများ ခံစားရခြင်းမရှိပါ။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီတွင် အခက်ခဲဆုံးကြုံတွေ့ရပါသည်။ ကျန်သည့်လများတွင် လည်းအနီးစပ်ဆုံးဖြစ်သည့် ကြို့ပင်ကောက်သို့သာ အဓိကသွားရောက်ကြသည်။ မိုးညိုမြို့ သို့လာမည်ဆိုလျှင် ကြို့ပင် ကောက်၊မင်းလှမြို့များမှတဆင့် သွားလာကြရပါသည်။


ပွဲတော်များအနေဖြင့်၊တန်ခူးလတွင်သင်္ကြန်ပွဲ၊၊တော်သလင်းလတွင်လှေပြိုင်ပွဲနှင့်သီတင်းကျွတ်လတွင် မီးထွန်းပွဲနှင့်တပို့တွဲလတွင်ထမနဲထိုးပွဲများကို ပျော်ရွှင်စွာကျင်းပလေ့ ရှိပါသည်။


ကျေးရွာတွင် ပြာသို၊တပို့တွဲ၊တပေါင်းလများတွင် သီးနှံများပေါ်ထွက်သဖြင့် ဝင်ငွေကောင်းကြသည်။

# ရောက်ချောင်းကျေးရွာ အမျိုးသား/အမျိုးသမီးများ၏ အခက်အခဲပြဿနာများ

ရောက်ချောင်းကျေးရွာ

နေ့စွဲ - ၉.၂.၂၀၁၇





## မိုးညှင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ရောက်ချောင်းကျေးရွာ
## မှတ်တမ်း ဓါတ်ပုံများ



ရောက်ချောင်းကျေးရွာ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း



ရောက်ချောင်းကျေးရွာ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း



ရောက်ချောင်းကျေးရွာ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း

## မိုးညိုမြို့နယ်၊ ရွာသာယာအုပ်စု၊ ရောက်ချောင်းကျေးရွာ
## မှတ်တမ်း ဓါတ်ပုံများ



ရောက်ချောင်းကျေးရွာ ကျေးရွာ စီ/ထောက်ကော်မတီများ



ရောက်ချောင်းကျေးရွာ ပထမအကြိမ် အစည်းအဝေး



ရောက်ချောင်းကျေးရွာ ပထမအကြိမ် အစည်းအဝေး

# ကျေးရွာစီမံကိန်းအထောက်အကူပြု ဆပ်ကော်မတီဝင်များစာရင်း (VPSC)

ကျေးရွာအုပ်စုအမည် - ရွာသာယာ

ကျေးရွာအမည် - ရှောက်ချောင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင် အမှတ် | ရာထူး (VPSC) | ကျား/မ | အသက် | ဆက်သွယ်ရန် ဖုန်းနံပါတ် | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးစိုးလွင်းသူ | ဦးမြင့်ဆော် | ၇/ကပက (နိုင်) ၀၉၈၇၃၈ | ဥက္ကဋ္ဌ | ကျား | ၂၁ | ၀၉-၂၅၁၁၀၉၆၆၂ | [signature] |
| ၂ | ဒေါ်အေးမြတ်သူဇာ | ဦးလှမြင့် | ၇/ကပက (နိုင်) ၀၈၇၅၃၂ | " | မ | ၂၅ | ၀၉-၇၉၃၉၁၃၇၂၂ | [signature] |
| ၃ | ဦးအေးမင်း | ဦးချစ်ငွေ | ၇/ကပက (နိုင်) ၀၈၆၀၃၄ | ငွေစာရင်းကိုင် | ကျား | ၃၁ | ၀၉-၇၉၇၀၉၄၀၇၁ | [signature] |
| ၄ | ဦးအောင်ကျော်သက် | ဦးမြင့်ဦး | ၇/ကပက (နိုင်) ၀၉၈၇၃၉ | ပတ်ဝန်းကျင်ရေးဆပ်ကော်မတီ | ကျား | ၂၀ | ၀၉-၇၇၁၈၈၇၅၅၉ | [signature] |
| ၅ | ဦးဇော်မြင့် | ဦးသိန်းလှိုင် | ၇/မညန (နိုင်) ၀၄၆၅၀၀ | " | ကျား | ၄၅ | ၀၉-၂၅၁၁၀၈၅၂၄ | [signature] |
| ၆ | ဒေါ်အေးရှု | ဦးတောလေး | ၇/မညန (နိုင်) ၁၂၈၈၇၂ | " | မ | ၄၃ | | [signature] |
| ၇ | ဦးဝင်းလှိုင် | ဦးဘိုရှိ | ၇/မညန (နိုင်) ၀၃၉၈၄၂ | စေတနာ့ဝန်ထမ်း | ကျား | ၆၆ | ၀၉-၂၆၄၄၆၀၁၃၁ | [signature] |
| ၈ | ဒေါ်သူဇာဝင်း | ဦးကြည်ရီ | ၇/ကပက (နိုင်) ၃၉၈၇၉၈ | " | မ | ၂၂ | | ဝင်း |
| ၉ | ဦးဇော်ဝမ်း | ဦးချစ် | ၇/မညန (နိုင်) ၀၈၅၁၆၃ | စောင့်ကြည့်ကြီးကြပ်ရေး | ကျား | ၃၇ | ၀၉-၂၅၃၄၄၉၂၅၃ | [signature] |
| ၁၀ | ဦးဟန်သိမ်း | ဦးကျော်အေး | ၇/မညန (နိုင်) ၀၁၂၃၆၈ | " | ကျား | ၅၃ | | [signature] |
| ၁၁ | ဒေါ်ငွေငွေဦး | ဦးတင်ငွေ | | " | မ | ၂၇ | | [signature] |
| ၁၂ | ဦးအောင်ငွေ | ဦးတင်ငွေ | ၇/မညန (နိုင်) ၀၈၅၁၇၀ | ဖလှယ်ပတ်တိုင်းသိမ်းရေး | ကျား | ၄၉ | | [signature] |
| ၁၃ | ဦးခင်ဇော် | ဦးချစ်ငွေ | ၇/မညန (နိုင်) ၀၈၅၁၄၉ | " | ကျား | ၃၄ | ၀၉-၇၉၂၆၀၈၀၃၅ | [signature] |
| ၁၄ | ဒေါ်မိုးလေး | ဦးတင်ငွေ | ၇/မညန (နိုင်) ၁၂၈၉၁၄ | " | မ | ၂၅ | ၀၉-၂၆၂၅၆၀၉၂၇ | [signature] |
| ၁၅ | ဦးသန်းမောင် | ဦးရွှေလှိုင် | ၇/မညန (နိုင်) ၁၂၈၀၀၇ | အကြံပြုတုံ့ပြန်ရေး | ကျား | ၅၉ | ၀၉-၇၈၈၂၉၁၃၀၄ | [signature] |
| ၁၆ | ဒေါ်အေးခိုင် | ဦးကြည်ဝင်း | ၇/မညန (နိုင်) ၀၅၈၀၅၆ | " | မ | ၃၇ | ၀၉-၇၉၃၉၁၄၅၇၇ | [signature] |
| ၁၇ | | | | | | | | |
| ၁၈ | | | | | | | | |
| ၁၉ | | | | | | | | |
| ၂၀ | | | | | | | | |

အမည် -

ရာထူး

လက်မှတ်

ကျေးရွာအုပ်ချုပ်ရေးမှူးအမည် -

လက်မှတ် -

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးဇော်ရှည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၉၃၀၁၄၅၇၇ | လူထုစည်းရုံးရေးမှူး၏ အမည် ဦး.ဒေါ်ရ. |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ဖြူး | ကျေးရွာအုပ်စု ရွာသာယာ | ကျေးရွာ ဇရက်မျှင် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ----- | ၁၁၀ | ဘာသာ (၁) --ဗုဒ္ဓ----- | ၁၁၀ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ---- | ၁၉၀ | ၁၈၃ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၉၉ | ၁၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား __________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---1---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----00:10---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------00.35---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဝင်း

လက်မှတ် နေ့စွဲ 9.2.17.

လူထုစည်းရုံးရေးမှူး အမည် ဦးသူရ

လက်မှတ် နေ့စွဲ 9.2.17.

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသူရ - ဒေါ်ဝတ်ရည်ဖြိုး၊ | | | |
| နေ့စွဲ 10.2.17. | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ဟိုပုံး | ကျေးရွာအုပ်စု ရွာသာယာ | ကျေးရွာ ဇရက်ချောင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 8.2.2017 | 8.2.2017 | ၄၈ | ၁၇ | ၆၅ | ပအို့ \| ၆၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 9.2.2017 | 9.2.2017 | ၄၈ | ၁၇ | ၆၅ | ပအို့ \| ၆၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 13.2.17 | 13.2.17 | ၄ | ၄ | ၈ | ပအို့ \| ၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 21.3.17 | 21.3.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော် ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 17.3.2017 | 17.3.2017 | ၃၄ | ၃၅ | ၆၉ | ပအို့ \| ၆၉ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 22.3.2017 | 22.3.2017 | ၄၀ | ၂၀ | ၆၀ | ပအို့ \| ၆၀ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 22.3.2017 | 22.3.2017 | ၄၀ | ၂၀ | ၆၀ | ပအို့ \| ၆၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အသည်းအစပေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အဖေထာက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖြူသူ - ဒေါ်ဝင်းရွှေဘိုမိ |
| နေ့စွဲ 10.2.17 — စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး — မြို့နယ် ဖြူမြို့ — ကျေးရွာအုပ်စု ရွာသာယာ — ကျေးရွာ ဇရပ်မြောင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းအဆက်အသွယ် | ၁ | လမ်းအဆက်အသွယ် |
| ၂ | မီးလင်းရေး | ၂ | မီးလင်းရေး |
| ၃ | ဆေးပေးခန်း (ကျန်းမာရေး) | ၃ | ဆေးပေးခန်း (ကျန်းမာရေး) |
| ၄ | အလုပ်အကိုင် | ၄ | အလုပ်အကိုင် |
| ၅ | | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်း | ၁ | ကတ္တရာလမ်း |
| ၂ | ဆိုလာစနစ်မီး | ၂ | ဆိုလာစနစ်မီး |
| ၃ | ဆေးပေးခန်း | ၃ | တာကြိုညှိဝိုက် |
| ၄ | မူလတန်းကျောင်း | ၄ | အလယ်တန်းကျောင်း |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အစဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ စန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း | အမျိုးသား + အမျိုးသမီး | 2000000 | 222 |
| ၂ | မီး | 〃 | 6900000 | 222 |
| ၃ | ဆေးပေးခန်း | 〃 | 6000000 | 222 |
| ၄ | တာကြိုညှိဝိုက် | 〃 | 9000000 | 222 |
| ၅ | | | | |

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးသူရ -

နေ့စွဲ - 16.2.17.

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း ပဲခူး  မြို့နယ် ဖြူး

ကျေးရွာအုပ်စု ရွာသာယာ

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရွာသာယာ | ရွာတွင်းလမ်း (ဖြူးမြေကျောက်ခင်း) | ၂၆၈၀'x၆'x၃' | ၅၆၀ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၃,၅၆၀,၀၀၀ | - | | | |
| ကျောက်မျှောင်း | ရွာတွင်းကွန်ကရစ်လမ်း | ၇၁၀'x၄'x၄' | ၂၇၃ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၂၄,၅၀၀,၀၀၀ | | | | |
| ကျောက်မျှောင်း | ဘီ.လပ်.ဇရာ (၁၁၄ ကျင်း) | ၄၀၀၀' | ၂၇၃ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၀,၅၆၀,၀၀၀ | | | | |
| ဖျာပေါ | ရွာချုပ်အသား (မြေသားလမ်း) | ၅၀၀၀' | ၈၆၀ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၂၅,၈၀,၀၀၀ | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ  အမည် ဦးမျိုးဝင်းသူ  လက်မှတ် [signature]  ရက်စွဲ 16.2.17.